

Photo - icj-cij.org

# အနှစ်ချုပ်စာတမ်း

## အပြည်ပြည်ဆိုင်ရာတရားရုံးမှ မြန်မာနိုင်ငံ၏ အမှုအခင်း

Special Advisory Council for Myanmar

SAC-M
Special Advisory Council for Myanmar



**Photo** - Anadolu Agency

# အကျဉ်းချုပ်

မြန်မာနိုင်ငံအနေဖြင့် လူမျိုးပြုတ်သတ်ဖြတ်မှုပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ သဘောတူစာချုပ် (ဂျီနိုဆိုက်ကွန်ဗန်းရှင်း) အား ချိုးဖောက်လျက်ရှိသည်ဟု ယူဆချက်နှင့် ပက်သက်၍ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စွဲချက်တင်ခြင်းကိစ္စရပ်ကို လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ တရားရုံးမှ လက်ခံဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်များအတွင်း မြန်မာစစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များမှ "နယ်မြေရှင်းလင်းရေး" လုပ်ဆောင်ချိန်တွင် ရိုဟင်ဂျာများအပေါ် ထိုမျိုးနွယ်စုအား မျိုးဖြုတ်ရန်လုပ်ရပ်များကို ကျူးလွန်ခဲ့သည်ဟု ဂမ်ဘီယာနိုင်ငံမှ ယူဆထားသည်။

ဤအကျဉ်းချုပ်စာတမ်းတွင် အပြည်ပြည်ဆိုင်ရာ တရားရုံး၊ ဂျီနိုဆိုက်ကွန်ဗင်းရှင်း နှင့် ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား အငြင်းပွားမှုကို အတိုချုံး ရှင်းလင်းဖော်ပြထားသည်။ လက်ရှိအချိန်ထိ အမှုဖြစ်စဉ်အား သုံးသပ်ချက်နှင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အဆုံးသတ်မှတ်ချက်များ မပေးမီအချိန်ထိ မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စနှင့် ပက်သက်၍လည်း ဆွေးနွေးတင်ပြထားသည်။

# အပြည်ပြည်ဆိုင်ရာ တရားရုံး

အပြည်ပြည်ဆိုင်ရာ တရားရုံးသည် ကုလသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး “ကမ္ဘာ့ခုံရုံး” ဟုလည်း ခေါ်ဆိုကြသည်။ ၎င်းအား ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ ဖွဲ့စည်းခဲ့ပြီး ဟိတ်မြို့တော်တွင် တည်ရှိသည်။ ၎င်းသည် ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံ အင်္ဂါရပ် ခြောက်ခုထဲမှ တစ်ခု ဖြစ်သည်။ ၎င်းတွင် တရားသူကြီး ၁၅ ဦးရှိပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံ နှစ်ခုလုံးမှ သုံးပုံနှစ်ပုံ အများသဘောတူညီချက်ဖြင့် ထိုသူများကို တစ်ဦးချင်းအလိုက် ရွေးကောက် တင်မြှောက်ထားခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ဖြစ်ပွားသည့် ပဋိပက္ခများကို စီရင်ဆုံးဖြတ်ခွင့်ရှိပြီး ပဋိပက္ခတွင် ပါဝင်သည့်နိုင်ငံများအပေါ် တရားဝင် စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ ၎င်းအနေနှင့် ကုလသမဂ္ဂမှ လွှဲပြောင်းပေးသည့် မည်သည့်ဥပဒေရေးရာ ကိစ္စရပ်များအတွက်မဆို ယုံကြည်စိတ်ချက်ရသော ယူဆချက်များကိုလည်း ပေးနိုင်သည်။ ၎င်း၏ ယူဆချက်များနှင့် စီရင်ဆုံးဖြတ်ချက်များကို နိုင်ငံတကာဥပဒေ၏ အရင်းအမြစ်များအဖြစ် အသုံးပြုသည်။



Photo - legal.un.org

အပြည်ပြည်ဆိုင်ရာတရားရုံးသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ မဟုတ်သကဲ့သို့ ရာဇဝတ်ခုံရုံးလည်း မဟုတ်ပေ။ ၎င်းသည် နိုင်ငံ၏ တာဝန်ဝတ္တရားနှင့်သာ သက်ဆိုင်သည်။ ဆိုလိုသည်မှာ ၎င်းသည် နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရမည့် တာဝန်ဝတ္တရားများကို ချမှတ်ပေးပြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေပါ ၎င်း၏ ဝတ္တရားချိုးဖောက်မှုအတွက် တာဝန်ယူသင့်၊ မသင့်၏ ဆိုသည်ကို သုံးသပ်ပေးသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးသည် တစ်ဦးချင်းအလိုက် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ခြင်းရှိ၊ မရှိကို ထည့်သွင်းစဉ်းစားခြင်းမရှိပေ။



Photo - un.org

# ဂျီနိုဆိုက် ကွန်ဗင်းရှင်း

## (The Genocide Convention)

၁၉၄၈ခုနှစ် လူမျိုးပြုတ်သတ်ဖြတ်မှု ပြစ်မှုကို တားဆီးကာကွယ်ခြင်းနှင့် ပြစ်ဒဏ်ကျခံစေခြင်းဆိုင်ရာ သဘောတူစာချုပ် (ဂျီနိုဆိုက်ကွန်ဗင်းရှင်း) သည် ၁၉၄၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ကန့်ကွက်မှုမရှိ သဘောတူလက်ခံခဲ့သော နိုင်ငံတကာ သဘောတူညီချက်စာချုပ် တစ်ခုဖြစ်သည်။ ထိုစာချုပ်အား လက်ခံသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကာကွယ်ရေးနှင့် အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့သည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၂ နိုင်ငံမှ ပါဝင်လက်ခံခဲ့သည်။

စာချုပ်တွင် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် စာချုပ်အရအပြစ်ပေး အရေးယူ၍ရသော လုပ်ဆောင်ချက်များအား ဖော်ပြထားသည်။ စာချုပ်တွင် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းကို “နိုင်ငံတစ်နိုင်ငံ၊ တိုင်းရင်းသားမျိုးနွယ်စု၊ လူမျိုးစု သို့မဟုတ် ဘာသာရေးအဖွဲ့တစ်ဖွဲ့ဖွဲ့အား အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းတို့ကို ဖျက်စီးရန် ရည်ရွယ်သည့် ကျူးလွန်မှုများ” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သဘောတူညီထားသည့် ကျူးလွန်မှုလုပ်ရပ်များတွင် ပါဝင်သည်မှာ

(က) ထိုမျိုးနွယ်စု၏ အဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း။
(ခ) ထိုမျိုးနွယ်စု၏ အဖွဲ့ဝင်များအား ခန္ဓာပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဆိုးရွားစွာထိခိုက်နာကျင်စေခြင်း
(ဂ) ထိုမျိုးနွယ်စု၏ ဖြစ်တည်မှုအား အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းများအား ရုပ်ပိုင်းဆိုင်ရာပျက်စီးမှု ဖြစ်စေရန် တွက်ချက်အကွက်ချ၍ ၎င်းတို့၏ ဘဝရပ်တည်မှု အခြေအနေများအား ရည်ရွယ်ချက်ရှိရှိ ထိခိုက်အောင်လုပ်ဆောင်ခြင်း။
(ဃ) ထိုမျိုးနွယ်စုအတွင်း ကလေးမွေးဖွားမှုနှုန်းကို ဟန့်တားနိုင်ရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ချက်များ ချမှတ်ကျင့်သုံးခြင်း။
(င) မျိုးနွယ်စုတစ်စုမှ ကလေးသူငယ်များအား အခြားလူမျိုးအစုအဖွဲ့အသွင်းသို့ အဓမ္မ သွတ်သွင်းခြင်း။

မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းတွင် မျိုးနွယ်စုတစ်စုလုံးအား သတ်ဖြတ်ခြင်း သို့မဟုတ် သတ်ဖြတ်ရန်ကြိုးပမ်းခြင်း ပါဝင်သည်ဟု နားလည်မှု လွဲတတ်ကြသည်။ အမှန်စင်စစ် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ရန်အတွက် ထိုသို့လုပ်ဆောင်ရန် မလိုအပ်ပေ။ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ရာတွင် ထိုလူ့အဖွဲ့အစည်းတစ်ရပ်အား အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်စီးရန်အတွက် ရည်ရွယ်၍ အထက်ဖော်ပြပါ အချက်များထဲမှ တစ်ချက်ချက် သို့မဟုတ် ငါးချက်လုံးအား ကျူးလွန်ခြင်းဖြစ်သည်။ ဤသို့ တိကျသည့်ရည်ရွယ်ချက် သို့မဟုတ် “အမျိုးဖြုတ်ရန် ရည်ရွယ်ချက်” မှာ ပြစ်မှုတစ်ခုအား သက်သေပြရန်အတွက် အခက်ခဲဆုံးအချက်ဖြစ်သည်။

ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား သဘောတူလက်ခံသည့် နိုင်ငံအားလုံးအနေဖြင့် ၎င်းတို့ဒေသအတွင်း ဖြစ်ပေါ်နေသည့် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ရန် လုပ်ဆောင်ချက်များကို ကာကွယ်တားဆီးခြင်းမရှိပါက စာချုပ်ပါ ၎င်းတို့၏ တာဝန်ဝတ္တရားများအား ချိုးဖောက်မှုအတွက် တာဝန်ယူရမည်။ နိုင်ငံများအနေဖြင့် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းကို ကျူးလွန်သော၊ ကျူးလွန်ရန် နှိုးဆော်သော၊ ကြိုးပမ်းသော သို့မဟုတ် လုပ်ဆောင်မှုတွင် ပါဝင်သော မည်သူ့ကိုမဆို ပြစ်ဒဏ်ပေးခြင်းမရှိပါကလည်း ဝတ္တရားချိုးဖောက်မှုများအတွက် တာဝန်ယူရမည်။

မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ရန်လုပ်ဆောင်ခြင်း ဟုတ်၊ မဟုတ်ကို ဆုံးဖြတ်ရန်မှာ အပြည်ပြည်ဆိုင်ရာတရားရုံးအတွက် အလွန်ခက်ခဲပြီး ရှုပ်ထွေးလှသည်။ သို့သော် အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် ရာဇဝတ်မှုများအား ရုံးတင်စစ်ဆေးခြင်းထက် ပိုမိုလျော့ရဲသည့် “သက်သေစံနှုန်းများ” ကို အခြေခံထားပြီး လုပ်ဆောင်သည်။ ပြစ်မှုပြစ်ဒဏ် ချမှတ်ရန်အတွက် “ကျိုးကြောင်းဆီလျော်မှုရှိသည့် သံသယကို ကျော်လွန်နိုင်မည့်” သက်သေများ လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် တရားဝင်သတ်မှတ်ထားသည့် သက်သေစံနှုန်းများ မရှိသော်လည်း တရားသူကြီး တစ်ဦးစီတိုင်းအား ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် မူဘောင်ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပေးထားပြီး ၎င်းတို့အနေဖြင့် ထိုဘောင်အတွင်းမှ ဆုံးဖြတ်ချက်ချနိုင်သည်။ သို့သော် တရားရုံးအနေနှင့် မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်သည်အထိ ဆိုးရွားသော

ကိစ္စရပ် ဖြစ်ပေါ်ခဲ့သည်ဟု ဆုံးဖြတ်နိုင်ရန်အတွက်မူ “ပြည့်စုံခိုင်လုံ” သည့် သက်သေခံချက်ကို တွေ့မြင်ကြားသိရန် လိုအပ်သည်။ ဆိုလိုသည်မှာ အခြားဖြေရှင်းချက်များ ပေးခွင့်မရှိသည်အထိ ခိုင်လုံရမည်။ (ဘော့စ်နီးယား နှင့် ဟာဇီဂိုဗီးနား၊ ဆားဘီးယား နှင့် မွန်တီနဲကရို 2 ICJ Rep. 209 (2007))။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ တရားရုံးအနေဖြင့် မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ခြင်းနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိမှုများ ပြုလုပ်ရန် အလွန်ခက်ခဲသည်။ ခံရသည့် အစုအဖွဲ့ အများအပြားအနေဖြင့်မူ မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်း ဖြစ်ပွားမှု ရှိ၊ မရှိ ကို ရှာဖွေရန် ဥပဒေအရ ပိုင်းခြားသတ်မှတ်မှု မလိုအပ်ဟု ယုံကြည်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂျီနိုဆိုက်ကွန်ဗင်းရှင်းအရ အမှုကြားနာခြင်းမှာ အလွန်ထူးခြားပြီး ရှားပါးပေသည်။

**အပြည်ပြည်ဆိုင်ရာတရားရုံးသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ မဟုတ်သကဲ့သို့ ရာဇဝတ်ခုံရုံးလည်း မဟုတ်ပေ။ ၎င်းသည် နိုင်ငံ၏ တာဝန်ဝတ္တရားနှင့်သာ သက်ဆိုင်သည်။ ဆိုလိုသည်မှာ ၎င်းသည် နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရမည့် တာဝန်ဝတ္တရားများကို ချမှတ်ပေးပြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေပါ ၎င်း၏ ဝတ္တရားချိုးဖောက်မှုအတွက် တာဝန်ယူသင့်၏၊ မသင့်၏ ဆိုသည်ကို သုံးသပ်ပေးသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးသည် တစ်ဦးချင်းအလိုက် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ခြင်းရှိ၊ မရှိကို ထည့်သွင်းစဉ်းစားခြင်းမရှိပေ။**

**ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား သဘောတူလက်ခံသည့် နိုင်ငံ အားလုံးအနေဖြင့် ၎င်းတို့ဒေသအတွင်း ဖြစ်ပေါ်နေသည့် မျိုးနွယ်စု တစ်စုအား မျိုးဖြုတ်ရန် လုပ်ဆောင်ချက်များကို ကာကွယ် တားဆီးခြင်းမရှိပါက စာချုပ်ပါ ၎င်းတို့၏ တာဝန်ဝတ္တရားများအား ချိုးဖောက်မှုအတွက် တာဝန်ယူရမည်။ နိုင်ငံများအနေဖြင့် မျိုးနွယ်စု တစ်စုအား မျိုးဖြုတ်ခြင်းကို ကျူးလွန်သော၊ ကျူးလွန်ရန်နှိုးဆော်သော၊ ကြိုးပမ်းသော သို့မဟုတ် လုပ်ဆောင်မှုတွင် ပါဝင်သော မည်သူ့ကိုမဆို ပြစ်ဒဏ်ပေးခြင်း မရှိပါကလည်း ဝတ္တရားချိုးဖောက်မှုများ အတွက် တာဝန်ယူရမည်။**



Photo -mei.edu

# ဂမ်ဘီယာနိုင်ငံ နှင့် မြန်မာနိုင်ငံအကြား အငြင်းပွားမှု

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးမှာ ဂျီနိုဆိုက် ကွန်ဗင်းရှင်းအား သဘောတူလက်ခံထားသည့် နိုင်ငံများ ဖြစ်သည်။ မြန်မာနိုင်ငံသည် စာချုပ်အား ၁၉၅၆ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဂမ်ဘီယာနိုင်ငံမှာ ၁၉၇၈ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ဂမ်ဘီယာနိုင်ငံသည် မြန်မာ နိုင်ငံအနေဖြင့် ဂျီနိုဆိုက်ကွန်ဗင်းရှင်းပါ ၄င်း၏ တာဝန်ဝတ္တရား များကို ချိုးဖောက်သည်ဟု ယူဆထားပြီး မြန်မာနိုင်ငံမှ ထိုအချက်အား သဘောတူလက်ခံခြင်း မရှိပေ။ ဤသည်မှာ အပြည်ပြည်ဆိုင်ရာတရားရုံးမှ ဖြေရှင်းပေးရမည့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံနှစ်ခုအကြား အငြင်းပွားမှုဖြစ်ပြီး ဤအချက်သည် တရားရုံးတွင် တရားစွဲဆိုရာ၌ အခြေခံကျသည့် အချက် တစ်ချက်လည်း ဖြစ်သည်။

မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလလောက်တွင် ရိုဟင်ဂျာများအပေါ် စနစ်တကျ “နယ်မြေရှင်းလင်းရေးများ” အား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် ခဲ့ပြီး ထိုနယ်မြေရှင်းလင်းရေးအတွင်း ရိုဟင်ဂျာများ၏ မျိုးနွယ်စု တစ်ခုလုံး သို့မဟုတ် မျိုးနွယ်စု တစ်စိတ်တစ်ပိုင်းကို မျိုးဖြုတ်ရန် ရည်ရွယ်ချက်ဖြင့် လူအများအပြား သတ်ဖြတ်ခြင်း၊ အိမ်များတွင် ပြည်သူများအား သော့ခတ်ပိတ်ဆို့ခြင်း စသည့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်ဟု ဂမ်ဘီယာနိုင်ငံမှ အခိုင်အမာ ပြောဆိုသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်၍ “နယ်မြေရှင်းလင်းရေး” များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီး ထိုမျိုးနွယ်စုအား မျိုးဖြုတ်ခြင်းလုပ်ရပ်များကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

ဤလုပ်ဆောင်ချက်များတွင် မြန်မာနိုင်ငံအနေဖြင့် ကာကွယ်တားဆီးရေးနှင့် အပြစ်ပေးအရေးယူမှုများ ပြုလုပ်ရန် ပျက်ကွက်မှုများကြောင့် ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား ချိုးဖောက်ခြင်း ဖြစ်ကြောင်း ဂမ်ဘီယာနိုင်ငံက ဆိုသည်။ ဂမ်ဘီယာ၏ အမှုကိစ္စတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးသူများဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက် ရှာဖွေရေးအဖွဲ့နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ရှာဖွေထုတ်ပြန်ထားသည့် အချက်အလက်များ အပေါ် များစွာအခြေခံထားသည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ ဆိုင်ရာ သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားမှလည်း ၂၀၂၀ ခုနှစ်မှ စ၍ တရားစွဲဆိုခြင်းနှင့် ပက်သက်၍ အပြည်ပြည် ဆိုင်ရာ တရားရုံးသို့ သတင်းအချက်အလက်များ ဝေမျှခဲ့သည်။

# လက်ရှိအချိန်အထိ အမှုအခြေအနေ

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအနေဖြင့် ဂျီနိုဆိုက်ကွန်ဗင်းရှင်းပါ ဝတ္တရားများကို ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုရန် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ လျှောက်ထားခဲ့သည်။ ဤအမှုတွဲသည် လက်ရှိအချိန်အထိ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်နေသည့် အဆင့်တွင်သာ ရှိသေးသည်။ ဆိုလိုသည်မှာ တရားရုံးမှ ဂမ်ဘီယာနှင့် မြန်မာနိုင်ငံတို့အကြား အငြင်းပွားမှု အခြေအနေကို စတင်ဆောင်ရွက်ခြင်း မရှိသေးပေ။ တရားရုံးမှ ဂမ်ဘီယာ၏ ကြားဖြတ်အစီအမံများ (Provisional Measures) အတွက် တောင်းဆိုချက်များကို ဦးစွာသုံးသပ်ရမည်ဖြစ်ပြီး ယခုအခါ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ တရားမဝင်အာဏာသိမ်းမှု မတိုင်မီ မြန်မာနိုင်ငံမှ တင်ပြခဲ့သော (အာဏာရှင်မှလည်း လက်ရှိအချိန်အထိ ဆက်လက်ဆုပ်ကိုင်ထားလျက်ရှိသော) ကနဦးငြင်းဆိုချက်များကို ယခုအချိန်တွင် သုံးသပ်ရမည်ဖြစ်သည်။

**ကြားဖြတ်အစီအမံများ**

ဂမ်ဘီယာနိုင်ငံသည် ၎င်း၏ လျှောက်ထားချက်အား တင်သွင်းသည့်အခါတွင် မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်မည့် ရိုဟင်ဂျာများအနေဖြင့် နိုင်ငံအတွင်း ဆိုးရွားသည့် အန္တရာယ်များ ဆက်လက်ကြုံတွေ့ရနိုင်ချေ ရှိသည်ဟု ယူဆသည့်အတွက် ၎င်းတို့ ထပ်မံထိခိုက်နစ်နာခြင်း မရှိစေရန်အတွက် အကာကွယ်ပေးရန် ချက်ခြင်းလုပ်ဆောင်ရမည့် “ကြားဖြတ်အစီအမံများ” ကို ကြေညာရန် တရားရုံးအား တောင်းဆိုခဲ့သည်။ မည်သည့် အငြင်းပွားမှုတွင်မဆို နိုင်ငံတကာဥပဒေကို လေးစားလိုက်နာမှု ရှိစေရန်အတွက် ကြားဖြတ်အစီအမံများကို လက်ခံဆောင်ရွက်ရန် တရားရုံးအနေဖြင့် နိုင်ငံများကို အမိန့်ထုတ်ပြန်နိုင်သည့် အာဏာ ရှိသည်။ ထိုအစီအမံများမှာ အငြင်းပွားမှုကိစ္စရပ်အပေါ် စီရင်ချက်ချခြင်းမဟုတ်ပဲ ကြားကြာလတွင် လုပ်ဆောင်ရမည့် အချက်များသာ ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ လုပ်ငန်းဆောင်ရွက်မှုများသည် အချိန်များစွာကြာမြင့်တတ်ပြီး မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းဖြစ်ရပ်တွင်မူ နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာ ဖြစ်ပေါ်စေခဲ့ပါက အမှန်တကယ်ဆိုးရွားသည့် အခြေအနေကို ဖြေရှင်းရန် အခွင့်အရေးအား လက်လွတ်ဆုံးရှုံးနိုင်သည်။ (ဘော့စနီးယားနှင့် ဟာဇီဂိုနီဗီးယား နိုင်ငံတို့အကြား ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား ချိုးဖောက်မှုနှင့် ပက်သက်သည့် စွဲဆိုချက်အတွက် ဆုံးဖြတ်ချက်ချရန် ၁၄ နှစ် ကြာမြင့်ခဲ့သည်။) ထို့အတွက်ကြောင့် ကြားဖြတ်အစီအမံများကို ချမှတ်နိုင်ပြီး ထိုအစီအမံများမှာ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ၏ အခြေအနေကဲ့သို့ အရေးပေါ်အခြေအနေများကို ဖြေရှင်းရန် အသုံးဝင်သော အရာဖြစ်နိုင်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ကြားဖြတ်အစီအမံများအတွက် တောင်းဆိုချက်အပေါ် တရားရုံးမှ လူထုကြားနာမှုကို သုံးရက်ကျော်ပြုလုပ်ခဲ့သည်။ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှု အသေးစိတ်အချက်အလက်နှင့် သက်သေခံချက်များကို ဂမ်ဘီယာမှ တင်ပြခဲ့သည်။ ထိုဖြစ်ရပ်များသည် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ပြီး မျိုးနွယ်စုအား အမြစ်ဖြုတ်ရန် ရည်ရွယ်ခြင်းမရှိကြောင်း မြန်မာနိုင်ငံမှ ပြန်လည်ငြင်းဆိုခဲ့သည်။

တရားသူကြီးများမှ ဤအခြေအနေအတွက် ကြားဖြတ်အစီအမံများကို လိုအပ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ကြားဖြတ်အစီအမံလေးရပ်ကို လုပ်ဆောင်ရန် တရားရုံးမှ အမိန့်ချခဲ့သည်။ ၎င်းတို့မှာ

- မျိုးနွယ်စုများအား အမြစ်ဖြုတ်သည့် မည်သည့်လုပ်ရပ်ကိုမဆို ကာကွယ်တားဆီးရမည်။
- စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မျိုးနွယ်စုများအား အမြစ်ဖြုတ်သည့် လုပ်ရပ်များ မကျူးလွန်စေရန် သေချာအောင်ရွက်ရမည်။
- မျိုးနွယ်စုများအား အမြစ်ဖြုတ်ရန် ဖြစ်နိုင်ချေ ရှိသည့် လုပ်ရပ်များနှင့် ပက်သက်သော သက်သေအထောက်အထားများအား ထိန်းသိမ်းကာကွယ်ရမည်။ နှင့်
- နိုင်ငံတော်မှ ဤလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နေကြောင်း အသေးစိတ် အစီရင်ခံစာများကို တရားရုံးသို့ ပုံမှန်တင်ပြရမည်။

တို့ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဤကြားဖြတ် အစီအမံများဆိုင်ရာ ထုတ်ပြန်ချက်ကို လက်ခံအသိအမှတ်ပြုခဲ့သော်လည်း မျိုးနွယ်စုအား အမြစ်ဖြုတ်ခြင်းနှင့် ပက်သက်သည့် စွဲဆိုချက်ကို ဆက်လက်ငြင်းဆိုခဲ့သည်။ ၎င်းတို့၏ အကောင်အထည်ဖော်မှုများနှင့် ပက်သက်၍ ပုံမှန်အစီအရင်ခံစာများအား (ယေဘုယျအားဖြင့် ခြောက်လတစ်ကြိမ်) ပေးပို့လျက်ရှိသည်။ ထိုအစီအရင်ခံစာများကို အများပြည်သူသို့ ချပြခြင်း မရှိသေးပေ။

**ကနဦးငြင်းဆိုချက်များ**

မြန်မာနိုင်ငံမှ “ကနဦးငြင်းဆိုချက်များ” ကို တရားမဝင်အာဏာသိမ်းမှုမတိုင်မီ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် တင်သွင်း

ခဲ့သည်။ ကနဦးငြင်းဆိုချက်များဆိုသည်မှာ နိုင်ငံများအနေဖြင့် အမှန်တကယ်အငြင်းပွားမှုအဖြစ် ဆုံးဖြတ်ချက်မချမီ ၎င်းတို့အား အကဲဖြတ်ရန်အတွက် တရားရုံးသို့ တင်ပြတောင်းဆိုနိုင်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များ ဖြစ်သည်။ တရားရုံးမှ ကနဦး ငြင်းဆိုချက်များကို လက်ခံပါက အမှုအား ဆက်လက် ဆောင်ရွက်ခြင်း မပြုတော့ပေ။

မြန်မာနိုင်ငံ၏ ကနဦးငြင်းဆိုချက်များအား အများပြည်သူသို့ ချပြခြင်းမရှိသေးပေ။ သို့သော် ၎င်းသည် တရားရုံးမှ ဤအမှုနှင့် ပက်သက်၍ တရားစီရင်ပိုင်ခွင့် ရှိမရှိ နှင့် ဂမ်ဘီယာနိုင်ငံ၏ တင်ပြချက်မှာ လက်ခံနိုင်ခြင်း ရှိမရှိ နှင့် သက်ဆိုင်သည်။ ကုလသမဂ္ဂ၏ အခြားသော အဖွဲ့ဝင်နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ အနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အထွေထွေတရားစီရင်ပိုင်ခွင့်ကို ကမ္ဘာ့အမြင့်ဆုံးခုံရုံးအဖြစ် လက်ခံထားသည်။ ဤအချက်ကို အခြေခံ၍ မြန်မာနိုင်ငံ၏ ရာထူးအဆင့်မြင့်မားသော အရာရှိကြီးများမှ တရားရုံးတွင် အမှုရင်ဆိုင်ရန် ကိုယ်စားပြုခဲ့ကြသည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်းတွင် အငြင်းပွားမှုကို အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် စီရင်ဆုံးဖြတ်နိုင်သည်ဟု ဖော်ပြထားပြီး မြန်မာနိုင်ငံမှ ထိုအငြင်းပွားမှုများနှင့် ပက်သက်၍ တရားရုံး၏ အထွေထွေတရားစီရင်ပိုင်ခွင့်ကို အသိအမှတ်ပြု လက်ခံထားသည်။ သို့သော် မြန်မာနိုင်ငံ၏ ရွှေ့နေများမှ အလွန်ဝေးလံသည့် အနောက်အာဖရိကတွင် တည်ရှိသော ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ အခြေအနေများမှ သက်ဆိုင်မှုမရှိခြင်းကြောင့် ဂမ်ဘီယာနိုင်ငံအနေဖြင့် ဤစွဲဆိုချက်ကို တရားရုံးတော်တင်ရန် သက်ဆိုင်သည့် အနေအထားမရှိကြောင်း ငြင်းချက်ထုတ်ခဲ့သည်။ ဂမ်ဘီယာနိုင်ငံမှလည်း ကွန်ဗင်းရှင်းအရ မည်သည့်နေရာဒေသတွင်မဆို မျိုးနွယ်စုအား အမြစ်ဖြုတ်ခြင်းကို ကာကွယ်တားဆီးမှုပြုလုပ်ရန် ၎င်းတွင် တာဝန်ရှိကြောင်း ပြန်လည်ချေပခဲ့သည်။ တရားသူကြီးများ၏ ကနဦး မှတ်ချက်များအရ မြန်မာနိုင်ငံ၏ ငြင်းဆိုချက်များကို လက်ခံလိမ့်မည် မဟုတ်ပေ။ ကနဦး ငြင်းဆိုချက်များအတွက် ကြားနာမှုများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့တွင် ပြုလုပ်မည်ဟု တရားရုံးမှ ကြေညာချက် ထုတ်ခဲ့သည်။

သို့သော် မြန်မာနိုင်ငံအနေဖြင့် ကနေဦးငြင်းဆိုချက်များ အားလုံးကို ရုပ်သိမ်းပြီး တရားရုံး၏ စီရင်ချက်များကို လက်ခံမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကြေညာချက် ထုတ်ခဲ့သည်။ ကနဦး ငြင်းဆိုချက်များအား ရုပ်သိမ်းရသည့် အကြောင်းအရင်းနှင့် ပက်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရမှ ထိုငြင်းဆိုချက်များသည် ဖြစ်ရပ်နှင့် သက်ဆိုင်မှုမရှိပဲ လုပ်ထုံးလုပ်နည်းများနှင့်သာ သက်ဆိုင်ပြီး မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့မှာ သင့်လျော်မှုရှိသည်ဟု မယူဆတော့ကြောင်း ရှင်းပြခဲ့သည်။ ဤအသိပေးထုတ်ပြန်ချက်နှင့် ပက်သက်၍ တရားရုံးမှ မည်သည့် တုန့်ပြန်မှုမှ မရှိသေးပေ။ အကယ်၍ ဤအသိပေးထုတ်ပြန်ချက်အား လက်ခံပါက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်မည့် ကြားနာမှုမှာ လုပ်ဆောင်ရန် မလိုအပ်တော့ပေ။

**ကုလသမဂ္ဂ၏ အခြားသော အဖွဲ့ဝင်နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ အနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ အထွေထွေတရားစီရင် ပိုင်ခွင့်ကို ကမ္ဘာ့အမြင့်ဆုံး ခုံရုံးအဖြစ် လက်ခံထားသည်။ ဤအချက်ကို အခြေခံ၍ မြန်မာနိုင်ငံ၏ ရာထူးအဆင့် မြင့်မားသော အရာရှိကြီးများမှ တရားရုံးတွင် အမှုရင်ဆိုင်ရန် ကိုယ်စားပြုခဲ့ကြသည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်းတွင် အငြင်းပွားမှုကို အပြည်ပြည် ဆိုင်ရာ တရားရုံးတွင် စီရင်ဆုံးဖြတ်နိုင်သည်ဟု ဖော်ပြထားပြီး မြန်မာနိုင်ငံမှ ထိုအငြင်းပွားမှုများနှင့် ပက်သက်၍ တရားရုံး၏ အထွေထွေတရားစီရင်ပိုင်ခွင့်ကို အသိအမှတ်ပြု လက်ခံထားသည်။**




Photo -APHR

# မြန်မာနိုင်ငံ ကိုယ်စားပြုမှု

အပြည်ပြည်ဆိုင်ရာတရားရုံးတွင် အမှုအခင်းတစ်ခုအတွက် နိုင်ငံများကသာ ပါဝင်နိုင်သည်။ နိုင်ငံများကို ၎င်းတို့၏အစိုးရများက ကိုယ်စားပြုသည်။ ဒေါ်အောင်ဆန်းစုကြည့်မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်တပ်ပေါင်းစည်းထားသည့် ညွန့်ပေါင်းအစိုးရမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် မြန်မာနိုင်ငံအား ကိုယ်စားပြုခဲ့သည်။ မြန်မာစစ်တပ်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေး အစိုးရ နှင့် တရားမဝင်အစိုးရတိုပမှ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ ကိုယ်စားပြုမည်ဖြစ်ကြောင်း အသီးသီး ဆက်သွယ်အသိပေး ခဲ့ကြသည်။

စစ်ကောင်စီသည် မြန်မာနိုင်ငံ၏ အစိုးရမဟုတ်သဖြင့် တရားရုံးတွင် မြန်မာနိုင်ငံအတွက် ကိုယ်စားမပြုသင့်ပေ။ ကုလသမဂ္ဂ အထွေထွေညီလာခံသည် ညီလာခံတွင် မြန်မာနိုင်ငံကိုယ်စားပြုရန် စစ်ကောင်စီ၏ ကြိုးပမ်းမှုကို ငြင်းဆိုထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ အတွက် အမျိုးသားညီညွတ်ရေးအစိုးရမှ ခန့်အပ်ထားသော သံအမတ်ကြီး ဦးကျော်မိုးထွန်းမှ ဆက်လက်ကိုယ်စားပြုလျက် ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခံရသင့်ပြီး (SAC-M Briefing Paper: Recognition of Governments တွင်ကြည့်ပါ။) အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံကိုယ်စားပြုရန်အတွက် အခွင့်အာဏာရှိသည့် တစ်ခု တည်းသော အဖွဲ့ဖြစ်သည်။

နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ အမှု တစ်ခုခုကြောင့် ရောက်ရှိရသည့်အခါတွင် ၎င်းတို့၏ အစိုးရများက တရားရုံးတွင် ကိုယ်စားပြုရန် စေလွှတ်ရသည်။ လူထုကြားနာမှုတွင် ကိုယ်စားလှယ်မှ အစိုးရကိုယ်စား ငြင်းချက်ဖွင့်ရပြီး တင်သွင်းချက် များအား တင်ပြရသည်။ ကိုယ်စားလှယ်များကို ပူးတွဲ ကိုယ်စားလှယ်များ၊ လက်ထောက်ကိုယ်စားလှယ်များ သို့မဟုတ် ကိုယ်စားလှယ်များ၏ အကူများက တစ်ခါတစ်ရံ ပံ့ပိုးကူညီပေးရပြီး ဥပဒေရေးရာကောင်စီ သို့မဟုတ် တရားရုံးချုပ်ရှေ့နေများက "ထွက်ဆိုချက်" (တရားရုံးသို့ တရားဝင် တင်သွင်းသည့်စာ) အား ပြင်ဆင်ရန် ကူညီပေးကာ နှုတ်ထွက်ငြင်းဆိုချက်အား ပြုလုပ်ရသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရားရုံးသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်အား ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီး ဦးကျော်တင့်ဆွေကို ပူးတွဲကိုယ်စားလှယ်အဖြစ် ခန့်အပ် ခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးကျော်တင့်ဆွေတို့ နှစ်ဦးစလုံးမှာ စစ်တပ်၏ အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းကို ခံထားကြရ သဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် မြန်မာနိုင်ငံအား ကိုယ်စားပြုနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် တရားရုံးတွင် မြန်မာနိုင်ငံအား ကိုယ်စားပြုရန်အတွက် ကိုယ်စားလှယ်အသစ် လိုအပ်သည်။ သံအမတ်ကြီး ဦးကျော်မိုးထွန်းအား ပူးတွဲ ကိုယ်စားလှယ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ ခန့်အပ် ထားသည်။ တရားမဝင် အာဏာရှင်အစုမှလည်း ကိုယ်စားလှယ် အသစ် ခန့်အပ်မည်ဟု ဆိုသည်။

# နိဂုံးချုပ်

အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ရောက်သည့်အမှုအခင်းများမှာ အချိန်များစွာ ကြာမြင့်တတ်ပြီး စီရင်ချက်ချမည့်အချိန်မှာလည်း မှန်းဆရန်ခက်သည်။ ဂျီနိုဆိုက်ကွန်ဗင်းရှင်း ပါဝင်ပက်သက်သည့် အငြင်းပွားမှုများမှာ ပိုမိုရှုပ်ထွေးပြီး ဥပဒေရေးရာ ထောက်ထားဆင်ခြင်ရမှုများ ရှိသည့်အတွက် အခြားသော အမှုအခင်းများထက် ပိုမိုရှည်ကြာတတ်သည်။ မြန်မာနိုင်ငံတွင် မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ရန် လုပ်ဆောင်ခြင်း ရှိမရှိ သို့မဟုတ် မြန်မာနိုင်ငံအနေဖြင့် မျိုးနွယ်တစ်စုတစ်စုအား အမျိုးဖြုတ်ခြင်းအား အကာကွယ်ပေးရန် ၎င်း၏ ဝတ္တရားများကို ပြည့်မီအောင် လုပ်ဆောင်ခြင်း ရှိမရှိ ကို နောက်ဆုံးစီရင်ချက်ဖြင့် သတ်မှတ်နိုင်သည်။ စီရင်ချက်ချရာတွင် ဖြစ်လာနိုင်သည့် အခြေအနေများစွာရှိသည်။ မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ခြင်းသည် သက်သေပြရန် အလွန်ခက်ခဲသဖြင့် မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ခြင်း ဖြစ်ခဲ့သည်ဟု တရားရုံးမှ ဥပဒေအရ အဆုံးအဖြတ် မပေးနိုင်ခြင်းလည်း ဖြစ်နိုင်သည်။

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် အဓိကဥပဒေအရ တရားဝင်စွဲချက်တင်ခြင်း ဖြစ်စဉ်များကို ပြုလုပ်ရန် လိုအပ်သေးသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ ဤအမှုသည် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသည့် အစောပိုင်းအဆင့်တွင်သာ ရှိနေသေးသည်။ အကယ်၍ တိုးတက်မှုများ ရှိပြီး မြန်မာနိုင်ငံမှ ထိုအမှုအား ဆက်လက်ခုခံကာကွယ်ကာ မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ခြင်းကို ငြင်းဆိုမည်ဆိုပါက ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များမှာ ကာလကြာရှည်နိုင်ပြီး ကုန်ကျစရိတ် မြင့်မားမည်။

ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် ၎င်းတို့အပေါ် ကျူးလွန်သည့် မျိုးနွယ်စုတစ်စုအား အမျိုးဖြုတ်ခြင်းလုပ်ရပ်များကို အဆုံးသတ်ရန်မှာ ဤတရားစွဲဆိုခြင်း၏ အရေးကြီးသော ရလဒ်များဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရမှ အဆိုပါရလဒ်နှင့် ပက်သက်၍ ၎င်း၏ ကတိကဝတ်ကို ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအတွက် အရိုးရှင်းဆုံး ရွေးချယ်စရာမှာ ဂမ်ဘီယာနိုင်ငံ၏ တင်သွင်းချက်များကို လက်ခံပြီး ရိုဟင်ဂျာလူမျိုးများအပေါ် အမျိုးဖြုတ်ခြင်းများ ရှေ့ဆက်ဖြစ်ပွားခြင်း မရှိစေရန်အတွက် တားဆီးကာကွယ်ပေးသည့် အဓိပ္ပာယ်ရှိသော လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် နှင့် ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ပေးရန် ဖြစ်သည်။

---

**မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုကို တုန့်ပြန်ပြန် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည့် နိုင်ငံတကာမှ အမှီအခိုကင်းသော ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံသားများ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုများအတွက် တိုက်ပွဲဝင်ရာတွင် ကူညီထောက်ပံ့မှုပြုရန် အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ နှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့်ပက်သက်၍ ပိုမိုသိရှိလိုပါက https://specialadvisorycouncil.org/ တွင် ဝင်ရောက် လေ့လာနိုင်သည်။**

---



SPECIAL ADVISORY COUNCIL SAC-M MYANMAR